Buffalo•Toronto Public Media PBS npr

# သင်ယူခြင်းဆိုင်ရာ အဖွဲ့

သင့်ကလေးကို ကျောင်းကို ပို့လိုက်ပြီဆိုတာနဲ့ သင်ယူမှုခရီးမှာ သင်တစ်ယောက်တည်းမဟုတ်ကြောင်းနှစ်သိမ့်လိုပါသည်၊ _ သင်သည် သူတို့၏ဆရာ/ဆရာမများနှင့် တဖွဲ့ထဲဖြစ်သွားလို့ပါ။

သူတို့တွေက သင့်ကလေး၏ သင်ယူမှုနှင့်တိုးတက်မှုအတွက် အကောင်းဆုံးအတွေ့အကြုံတွေကို သင့်အားပြောကြားပေးမှာဖြစ်ပြီး၊ သင့်ကိုလဲ သင်ယူမှုအတွေ့အကြုံမှာပါဝင်နေစေမှာဖြစ်သလို ဤကြိုးစားမှုအသစ်မှာ သင်သည်လည်း သူတို့နှင့်အတူ ပံ့ပိုးကူညီနေသည်ဟု ခံစားရပါသည်။

ဤသည်မှာ သင်ယူလေ့လာမှုအဖွဲ့မှ မှတ်သားထားရမည့် အချို့သောအချက်အလက်များ ဖြစ်ပါသည်။

- သင်နှင့်သင့်ကလေးဆရာ/ဆရာမတို့မှာ တူညီတဲ့ရည်မှန်းချက်ရှိပါတယ်: သင့်ကလေး လေ့လာသင်ယူမယ့်နေရာတွေသည် လုံခြုံတဲ့နေရာ၊ ချစ်ခင်ကြင်နာစွာ စောင့်ရှောက်မှုရရှိစေတဲ့နေဖြစ်စေဖို့ပါ။

- ထိုရည်မှန်းထားတဲ့အရာများကို ရရှိစေဖို့ ကျောင်းနှင့်အိမ် ပုံစံမတူညီကတည်းက သင့်ချဉ်းကပ်ပုံနှင့် ဆရာ/ဆရာမများ၏ချဉ်းကပ်ပုံတို့သည် မတူညီနိုင်ပါ၊ ထိုကွာခြားချက်များသည် ပုံမှန်ဖြစ်ကြောင်းသင့်ကလေးကို ပြောပြပါ:“ အိမ်မှာ လုပ်လေ့လုပ်ထရှိတာတွေနဲ့ ကျောင်းမှာ လုပ်ရမယ့်အလေ့အထတွေက မတူနိုင်ဘူး၊ နေရာနှစ်ခုလုံးမှာ သင်ယူစရာတွေအများကြီးရှိမှာပါ”

- သင့်ကလေး၏အိမ်မှာပုံမှာလုပ်သောအရာများ၊ဘာသာစကားနှင့် ယဥ်ကျေးမှုဆိုင်ရာများကိုသူတို့၏ဆရာမအား ပြောပြထားခြင်းဖြင့် သူတို့၏ အပြုအမူတွေကို ဆရာ/ဆရာမများမှ ကူညီပေးနိုင်သလို ကျောင်းမှာအစဉ်ပြေစေဆို့လဲ ကူညီပေးနိုင်ပါတယ်။ သင့်ကလေး စာသင်ခန်းနှင့် ရင်းနှီးစေဖို့ ဆရာ/ဆရာမများအားနည်းလမ်းများကိုမေးမြန်းပါ။